# ထားဝယ်အမျိုးသမီးသမဂ္ဂ

# Tavoyan Women's Union (TWU)

TWU, (No.702), Shwe Taungsar St, Myauk Ywar QR, Dawei Tsp. Email: tavoyan48@gmail.com

## စတုတ္ထအကြိမ်မြောက် ထားဝယ်အမျိုးသမီးသမဂ္ဂ၏ ညီလာခံမှ သဘောထားထုတ်ပြန်ချက်

မတ်လ၊ ၆ ရက်၊ ၂၀၁၇

**ထားဝယ်အမျိုးသမီးသမဂ္ဂ၏ စတုတ္ထအကြိမ်မြောက် ညီလာခံကို မတ်လ ၃- ၅ ရက်နေ့** အထိ ထားဝယ်မြို့ရှိ သီဟဌေး ခန်းမတွင် (၃) ရက်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့သည်။ မတ်လ ၃ ရက်နေ့ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ထားဝယ်ဒေသအတွင်း အရပ်ဘက်အဖွဲ့ အစည်းများနှင့် နိုင်ငံရေးပါတီတချို့တို့ကို ဖိတ်ကြားခဲ့ပါသည်။ ၎င်းညီလာခံသို့ ထားဝယ်ဒေသအတွင်းရှိ အရပ်ဘက်အဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီတချို့နှင့် ညီလာခံကိုယ်စားလှယ်များအပါအဝင် လူဦးရေ စုစုပေါင်း (၄၅) ဦး တက်ရောက် ချီးမြှင့်ပေးခဲ့ ပါသည်။

ထားဝယ်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသော ထားဝယ်အမျိုးသမီးသမဂ္ဂ၏ စတုတ္ထအကြိမ်မြောက်ညီလာခံတွင် အတွင်းရေးမှူးအဖွဲ့ မှ အစီရင် အစီရင်ခံစာတင်သွင်းခြင်း၊ လုပ်ငန်းစဉ်အစီရင်ခံစာများ တင်သွင်းခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းခြင်း၊ သမဂ္ဂ၏ဖွဲ့စည်းပုံ စည်းမျဉ်းအား ပြင်ဆင်ဖြည့်စွက်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ စီစဉ်ချမှတ်ခြင်းများ နှင့် ဗဟိုလုပ်မှုဆောင်ကော်မတီနှင့် အတွင်းရေးမှူး အဖွဲ့တို့ကို ဒီမိုကရေစီနည်းကျ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခဲ့ပါသည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မယ်းစိုးစိုးနွယ်

၂။ မယ်းမာလာ

၃။ မယ်းစုစုဆွေ

၄။ မယ်းဂါဂါလွင်

၅။ မယ်းချစ်ချစ်ဝင်း

၆။ မယ်းစန္ဒာအောင်

၇။ မယ်းနှင်းအိထွေး

မိမိတို့ ထားဝယ်အမျိုးသမီးသမဂ္ဂ၏ ညီလာခံမှ အောက်ပါအချက်များကို ပိုမိုလုပ်ဆောင်ရန် သဘောတူ ချမှတ်ခဲ့ပါသည်။

၁) ဒေသအတွင်း အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုများအား ဆန့်ကျင်ရေးနှင့် အထူးသဖြင့် မုဒိမ်းမှုပပျောက်ရေးတို့အတွက် ဆက်လက်လုပ်ဆောင်သွားမည်။

၂) မိမိတို့ဒေသအတွင်း အကြီးစားရင်းနှီးမြုပ်နှံမှုများ၊ သဘာဝသယံဇာတတူးဖော်မှုဆိုင်ရာစီမံကိန်းများနှင့် အန္တရာယ်ဖြစ် စေနိုင်သော၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသော အကြီးစားစီမံကိန်းများကို စစ်မှန် ငြိမ်းချမ်းရေးမဖော်ဆောင်နိုင်သေးသည့်ကာလတလျှောက်တွင် တရားဝင်ဆိုင်းငံ့ထားရန် ဆက်လက်တောင်းဆို မှုများလုပ်ဆောင်သွားမည်။

၃) နယ်ပယ်အသီးသီးတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်ဆင့်၌ ကျား-မ တန်းတူရေး၊ အမျိုးသမီးများပါဝင်မှု ပိုမိုမြင့်တက်လာစေရေး၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးတို့အတွက်လည်း ကြိုးပမ်းလုပ်ဆောင် သွားမည်။

၄) ဒေသအတွင်း ပြည်သူများ ဥပဒေပိုင်းဆိုင်ရာအသိပညာဗဟုသုတများတိုးပွားလာစေရေး၊ တရားမျှတမှု လက်လှမ်း မှီလာနိုင်စေရေးနှင့် အမျိုးသမီးများဘဝလုံခြုံမှု ပိုမိုရှိလာစေရေးတို့ကို ဆက်လက်ကြိုးပမ်းသွားမည်။

၅) ဒေသအတွင်း အကျင့်ပျက်ခြစားမှုများပပျောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး တို့အတွက် အစိုးရမှ ထိထိ ရောက်ရောက်လုပ်ဆောင်သွားနိုင်အောင်တိုက်တွန်းမှုများကိုလည်း ဆက်လက်ကြိုး ပမ်း ဆောင်ရွက်သွားမည်။

၇) ဒေသအတွင်း ဥပဒေအရ တရားရင်ဆိုင်ရာတွင် မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများကို ပိုမိုမြန်ဆန်လာစေ ရေးတို့အတွက် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ခွဲဝေအပ်နှင်းထားသော တရားလွှတ်တော် အဆင့်ဆင့် သို့ တိုက်တွန်းလှုံ့ဆော်မှုများ လုပ်ဆောင်သွားမည်။

**အစိုးရအားအကြံပြုတိုက်တွန်းခြင်း**

- မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပတ်သက်သော မူဝါဒများချမှတ်ရာတွင် ကျား - မတန်းတူညီမျှရေးကို အခြေခံမူတစ်ခုအနေဖြင့် ထည့်သွင်း အကောင်အထည် ဖော်ရန်။

- အမျိုးသမီးများ ဆုံးဖြတ်ချက်ချသည့်နေရာတွင်ပါဝင်လာစေရန်။

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်သူများကို ပြစ်ဒဏ်မှ ကင်းလွတ် ခြင်း(လွတ်ငြိမ်းချမ်းသာခွင့်) မရှိစေရန်။

- ကျား - မ တန်းတူညီမျှရေး မူဝါဒများ ချမှတ်ရန်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅၊ ၁၈၂၀၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ်နှင့် နိုင်ငံတကာလူ့ အခွင့်ရေး စံနှုန်းများကို လိုက်နာ ရန်။

- ကျား - မ ရေးရာတန်းတူညီမျှမှုကို အာမခံသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး(SSR) အဆင့်ဆင့် တွင် အမျိုးသမီးများ၏ဘဝ၊ အေးချမ်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားရန်။

- ဒေသအတွင်း မြေယာသိမ်းဆည်းမှုပြဿနာများတွင် နစ်နာသူများ၏ဆန္ဒသဘောထားများကို ထည့်သွင်း စဉ်းစား၍ တရားမျှတစွာဖြေရှင်းပေးရန်အတွက် မိမိတို့ထားဝယ်အမျိုးသမီးသမဂ္ဂမှ အလေးအနက် အကြံပြု တိုက်တွန်းလိုက်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**

မယ်းစိုးစိုးနွယ်- အထွေထွေအတွင်းရေးမှူး - ၀၉ ၅၄၀ ၂၂၁ ၈၀

မယ်းမာလာ-တွဲဘက်အထွေထွေအတွင်းရေးမှူး - ၀၉ ၇၇၁ ၄၅၃ ၅၇၇